Karenni Civil Society Network

P.O. Box - 20, Mae Hong Son, 58000, Thailand
Phone: 08 2196 2258, E-mail:kcsn2010@gmail.com

# မြန်မာ့တပ်မတော် သစ်ထုတ်လုပ်မှုကြောင့် ကရင်နီပြည်နယ်၏ ငြိမ်းချမ်းရေးကြိုးပမ်းမှု ခြိမ်းခြောက်ခံရခြင်း

## နိဒါန်း

ယခုစာတမ်းသည် လက်ရှိဖြစ်ရပ်နှင့် ယခင်နှစ်ပေါင်း (၂၀)ကျော်က ဖြစ်ရပ်များမှ ဗမာတပ်မတော်သည် သဘာဝသံယံဇာတ ခိုးယူအမြတ်ထုတ်မှုများကြောင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)နှင့် ငြိမ်းချမ်းပျက်ပြားစေသည့် လေ့လာသုံးသပ်ချက်ကို ဖော်ပြပေးသည့် စာတမ်းအနှစ်ချုပ်ဖြစ်သည်။

လွန်ခဲ့သည့် ၁၉၉၅ ခုနှစ်တွင် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)သည် ထိုအချိန်စစ်အစိုးရနှင့် အပစ်ခတ်ရပ်စဲရေးလက်မှတ် ရေးထိုးခဲ့ပါသည်။ သို့သော် (၃) လအကြာတွင် မြန်မာစစ်တပ်သည် သစ်ထုတ်ရန်အတွက် ကရင်နီပြည်အရှေ့ဘက်ခြမ်းရှိ KNPP တပ်စွဲရာနေရာများကို ထိုးစစ်ဆင်မှု ပြုလုပ်သဖြင့် ပစ်ခတ်ရပ်စဲရေး ပျက်ပြားခဲ့ရသည်။ အကျိုးဆက်အားဖြင့် ပြည်သူလူထု (၁)သိန်း နီးပါးထွက်ပြေးခဲ့သဖြင့် စစ်အစိုးရ၊ စစ်တပ်နှင့် ၎င်းတို့အပေါင်းအပါ စီးပွားရေးသမားများတိုသည် အဆက်မပြတ် သစ်ထုတ်လုပ်မှုများကြောင့် သစ်တောပြုန်းတီးမှုများ အဆင့်သို့ ရောက်ရှိလာပါသည်။

KNPP သည် ၂၀၁၂ ခုနှစ်တွင် နောက်တစ်ကြိမ် အစိုးရနှင့် အပစ်ခတ်ရပ်စဲရေး လက်မှတ်ရေးထိုးသော်လည်း အစိုးရစစ်တပ်သည် သစ်ထုတ်မှုကို ဆက်လက်လုပ်ဆောင်ပြီး NLD အစိုးရမှ ၂၀၁၆-၂၀၁၇ခုနှစ်အတွင်း သစ်ထုတ်လုပ်မှုကို တားမြစ်ထားသည့်ကြားက သစ်များကို ဆက်လက်ခိုးထုတ်ခဲ့ပါသည်။

၂၀၁၇ခုနှစ်၊ဒီဇင်ဘာလ (၁၉)ရက်နေ့တွင် အစိုးရတပ်မတော်၏ သစ်ခိုးထုတ်မှုကို KNPP က ဖော်ထုတ်တွေ့ရှိသဖြင့် ထိုKNPP ရဲဘော်(၃)ဦးနှင့် အရပ်သား (၁)ဦးကို အစိုးရတပ်က ဖမ်းဆီးပြီး သတ်ဖြတ်ခဲ့ပါသည်။

အထက်ပါ သတ်ဖြတ်မှုကြောင့် KNPP နှင့် အစိုးရတပ်အကြား တင်းမာမှုအမြင့်ဆုံးသို့ ရောက်ရှိခဲ့ပြီး လူထုများသည်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ယုံကြည်မှုများ အထူးလျော့ကျလာပါသည်။

သို့ဖြစ်၍ မိမိတို့ ကရင်နီလူမှုအသင်းအဖွဲ့များ ကွန်ရက် (KCSN) မှ ယခုကဲ့သို့ အစိုးရတပ်မတော်၏ သဘာဝသံယံဇာတများကို ၎င်းတို့အကျိုးအတွက် အမြတ်ထုတ်ယူနေခြင်းသည် ငြိမ်းချမ်းရေးကို တိုက်ရိုက်ထိခိုက်ကြောင်း ဖော်ပြလိုပါသည်။ သို့ဖြစ်၍ ငြိမ်းချမ်းရေးအမှန်တကယ်ရရှိစေရန် အစိုးရတပ်မတော်၏ တိုင်းရင်းသားဒေသအတွင်းရှိ သံယံဇာတများ ထုတ်ယူမှုများကို ချက်ချင်းရပ်တန့်ပေးရန်နှင့် ထိုးစစ်ဆင်နေမှုများအပြင် ရှေ့တန်းသို့ တပ်စေလွှတ်မှုများကို ပြန်လည်ရုပ်သိမ်းပေးပါရန် တောင်းဆိုလိုပါသည်။ ထို့မှသာ အားလုံးပါဝင်ခွင့်ရှိသော နိုင်ငံရေးဆွေးနွေးမှုကို ဖြစ်ပေါ်စေမည်ဖြစ်ပြီး တိုင်းရင်းသား လူမျိုးများကိုယ်တိုင် မိမိတို့ဒေသအတွင်းရှိ သံယံဇာတများကို အုပ်ချုပ်ခွင့်နှင့် စီမံခန့်ခွဲခွင့် ရရှိနိုင်သော ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ တည်ဆောက်ရေးကို ရရှိစေမည် ဖြစ်သည်။

## နောက်ခံ

ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက် (KCSN)သည် ကရင်နီ ပြည်နယ်အတွင်းရှိ KNPP နှင့် အစိုးရ၏ အပစ်အခက်ရပ်စဲရေး စတင်ပြုလုပ်သည့် ၂၀၁၂ ခုနှစ်မှစ၍ တစိုက်မတ်မတ် လေ့လာ စောင့်ကြည့်မှုများကို ပြုလုပ်ခဲ့ပါသည်။

KCSN သည် KNPP နှင့်အစိုးရတို့ အကြားသဘောတူထားသည့် စာချုပ်ပါ အချက်များကို ၂၀၁၂ ခုနှစ်မှစ၍ လေ့လာစောင့်ကြည့်ရာ အကြီးစားစီမံကိန်းများနှင့်ပတ်သက်၍လည်းကောင်း၊ နိုင်ငံတကာ အကူအညီများနှင့်ပတ်သက်၍လည်းကောင်း ဆန်းစစ်ချက်များ ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။


ယခုစာတမ်းသည် ကရင်နီပြည်နယ်၏ သံယံဇတဆိုင်ရာ ပြသနာများအပေါ်လေ့လာတင်ပြရန်ဖြစ်ပြီး အထူးသဖြင့် သစ်ထုတ်လုပ်မှုများကို အာရုံစိုက်တင်ပြသွားရန် ဖြစ်သည်။

### ဗမာတပ်မတော်၏ သစ်ထုတ်လုပ်ရေးအတွက် ထိုးစစ်ဆင်ခြင်း ကြောင့် ၁၉၉၅ ခုနှစ်တွင် KNPP နှင့် အစိုးရ ပစ်ခက်ရပ်စဲရေး ပျက်ပြားခဲ့ရခြင်း

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးကောင်စီ(နဝတ)နှင့် KNPP တို့သည် အကြိမ်ပေါင်းများစွာ တွေ့ဆုံဆွေးနွေးပြီးနောက် အချက် (၁၇) ချက်ပါ သဘောတူညီမှုများကို ရရှိခဲ့ပြီး မတ်လ(၂၁) ရက်နေ့ ၁၉၉၅ ခုနှစ်၊ လွိုင်ကော်မြို့တွင် လက်မှတ်ရေးထိုးခဲ့ကြပါသည်။

အဆိုပါ(၁၇)ချက်အနက် (၁)နှစ်ဘက်တပ်သားတို့သည် သတ်မှတ်ထားသော နယ်မြေဒေသအတွင်းတွင်သာ လှုပ်ရှားသွားလာရန်၊ (၂) ကရင်နီပြည်နယ်အတွင်း အတင်းအဓမ္မစစ်ရေးအတွက် ပေါ်တာဆွဲခြင်းကို ရပ်တန့်ရန်၊ (၃)ပေါ်တာကြေးကောက်ခံမှုများကို ရပ်တန့်စေရန် စသည်တို့ ပါဝင်ပါသည်။

အထက်ပါကဲ့သို့ လက်မှတ်ရေးထိုးသော်လည်း ၁၉၉၅ ခုနှစ် ဇွန်လ (၁၅)ရက်နေ့တွင် နဝတစစ်အစိုးရတပ်သည် ကရင်နီပြည်နယ်ရှိ ပြည်သူများအပေါ် ပေါ်တာကြေးများ အတင်းအဓမ္မကောက်ယူခြင်း၊ အရပ်သားများကို ပေါ်တာဆွဲရန် စတင်ဖမ်းဆီးခြင်း၊ လူထုပိုင် ထော်လော်ဂျီများနှင့် မြင်းများကို ချောဆွဲခြင်းများ စတင်ပြုလုပ်ခဲ့ပါသည်။ ထို့အပြင် ၁၉၉၅ ခုနှစ်၊ ဇွန်လ (၁၇) ရက်နေ့တွင် နဝတစစ်အစိုးရသည် ၎င်းတို့ခြေလျင်တပ်ရင်း (၂)ရင်းကို KNPP ထိန်းချုပ်နယ်မြေသို့ စေလွှတ်ခဲ့ပါသည်။






KNPP မှ နဝတစစ်အစိုးရအား တပ်ရင်းများ စေလွှတ်မှုကို ရပ်တန့်ရန် တောင်းဆိုသော်လည်း အစိုးရက ထိုင်းနယ်စပ်ထိန်းချုပ်ရန်နှင့် တရားမဝင် နယ်စပ် ဖြတ်ကျော်ပြီး သစ်ထုတ်မှုများကို တားဆီးရန် အကြောင်းပြပြီး ဆက်လက်လုပ်ဆောင်ခဲ့ သ ည်။

နဝတအစိုးရသည် ထိုင်း-မြန်မာ နယ်စပ်အမှတ် ဘီဖီ (၉၊ ၁၀၊ ၁၁) ရှိ KNPP တပ်စခန်းများကို ဆုတ်ခွာစေခဲ့ပါသည်။ KNPP မှ ငြင်းဆန်ခဲ့သဖြင့် နဝတစစ်အစိုးရမှ ၎င်းတို့တပ်အင်အား (၂၀၀၀) ခန့်ကို အဆိုပါ KNPP တပ်စခန်းများသို့ သိမ်းပိုက်ရန် တပ်များစေ လွှတ်ခဲ့သဖြင့် တိုက်ပွဲ များပြန်လည်ဖြစ်ပွားခဲ့ကာ အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးပြီး (၃)လအကြာ သဘောတူညီ ချက်များ ပျက်ပြားခဲ့ပါသည်။

၁၉၉၆ ခုနှစ်တွင် နဝတအစိုးရသည် စစ်မြေပြင် ကရင်နီပြည်အပေါ် ကျယ်ကျယ်ပြန့်ပြန့်မြေလှန်စစ်ဆင်ရေးကို ပြုလုပ်ခဲ့သည်။ ထိုစစ်ဆင်ရေးတွင် KNPP အဆက်အသွယ်မှန်သမျှကို ဖြတ်တောက်ရန် ဖြစ်သည်။

ကရင်နီပြည်နယ် အရှေ့ပိုင်းဒေသများဖြစ်သော သံလွင်မြစ်နှင့် ပွန်ချောင်း အရှေ့ခြမ်းအားလုံးနီးပါးရှိ ကျေးရွာပေါင်း(၁၈၃)ရွာရှိ ပြည်သူ (၃၀၀၀၀) ကျော်ကို အတင်းအဓမစုစည်းရွာများသို့ မောင်းထုတ်ခဲ့ပါသည်။ စစ်အစိုးရ ပြောင်းရွှေ့နေထိုင်စေသည့် ဒေသအတွင်းတွင် လူထုများစွာတို့သည် စားဝတ်နေရေး ခက်ခဲလွန်းသဖြင့် ထိုင်းနိုင်ငံ၊ ဒုက္ခသည်စခန်းများသို့ ထွက်ခွာခဲ့ကြရသည်။ နဝတစစ်အစိုးရသည် ထိုးစစ်ဆင်မှုကို တိုးမြင့်သဖြင့် နောက်ဆုံး၌ ထိုင်းနယ်စပ်ရှိ KNPP စခန်းများကို ထိန်းချုပ်နိုင်ခဲ့သည်။



၁၉၉၅ ခုနှစ်မတိုင်မီအချိန်တွင် ထိုင်းနယ်စပ်ရှိ မြန်မာသစ်များကို ထိုင်းကုမ္ပဏီများက သစ်ထုတ်ပြီး ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ကြသည်။ သို့သော် နဝတအစိုးရတပ်ထိုးစစ်ဆင်မှု အပြီး KNPP ခြေကုပ်စခန်း များသိမ်းပိုက်ထိန်းချုပ်ပြီးနောက်တွင် သံလွင်မြစ်နှင့် ပွန်ချောင်းအ ရှေ့ဘက်ရှိ သစ်တောများကို မြန်မာသစ်ကုမ္ပဏီများက အစားထိုး ကာ ကျွန်းနှင့်သစ်မာများကို စတင်ခုတ်ယူခွင့်ပြုလာပါတော့သည်။

သို့ဖြစ်၍ ဗမာတပ်မတော်နှင့် ၎င်းတို့ခရိုနီကုမ္ပဏီများသည် ကရင်နီပြည်နယ်ရှိ သစ်များကို ၁၉၉၅ ခုနှစ်ကတည်းက ယနေ့အချိန်အထိ စိတ်ကြိုက်ခုတ်ယူ ရောင်းချနေကြပြီး NLD အစိုးရသစ်လက်ထက် တွင် သစ်ထုတ်လုပ်မှုကို ဩဂုတ်လ ၂၀၁၆ခုနှစ် မှ မတ်လ ၂၀၁၇ ခုနှစ်အထိ တားမြစ်လိုက်သော်လည်း လိုက်နာခြင်း မရှိပါ။

၁၉၉၅ ခုနှစ်ကတည်းကစ၍ ထူးကုမ္ပဏီနှင့် ကယားဖူးကုမ္ပဏီတို့ သည် ကယားပြည်နယ်မှ သစ်များထုတ်ယူရန် နဝတအစိုးရက အဓိက ပါမစ် (permit) ရထားသည်။ ထူးကုမ္ပဏီကို စစ်တပ်အ သိုင်းအဝန်းနှင့် နီးစပ်သည့် ဦးတေဇက ပိုင်ပြီး ကယားဖူးကုမ္ပဏီကို ဒေသခံစီးပွားရေးသမားဦးကြည်စိန်က ဦးဆောင်ပါသည်။ အဆိုပါ ကုမ္ပဏီတို့၏ သစ်လုပ် ကွက်များရှိ သစ်များကို မြန်မာ့သစ်ထုတ် လုပ်ရေး ဟုသောအမှတ် တံဆိပ်များဖြင့် ရိုက်နှိပ်ထားသဖြင့် သစ် များအားလုံးကို အစိုးရပိုင် ကြောင်း ပြပါသည်။ ခန့်မှန်းခြေ ၁၉၉၅မှ ၁၉၉၆ ခုနှစ်အတွင်းသ စ်ထုတ်လုပ်မှု တန်ပေါင်း (၁၀၀၀၀၀)ကျော် ထုတ်ယူခဲ့ပါသည်။ ထုတ်ယူသည့် သစ်များအားလုံးကို ဗမာပြည်မ သို့ သယ်ယူသွားပါ သည်။

အထက်ပါကဲ့သို သစ်တော့ ထိန်းချုပ်ထုန်ယူလိုမှုကို ဒေသ စစ်ကွပ် ကဲရေး စစ်ဌာနချုပ် (ဒကစ) မောင်ကြည်တွင် တာဝန်ရှိပါသည်။ ဗိုလ်မှူးချုပ် မောင်ကြည်သည် KNPP တပ်စခန်းများကို တိုက်ခိုက် ရန်နှင့် ငြိမ်းချမ်းရေးပျက်ပြားအောင် လုပ်ဆောင်ခဲ့သူဖြစ်သည်။




မေလ၊ ၂၀၁၆ ခုနှစ် ကရင်နီပြည်၊ မြို့တော်လွိုင်ကော်မြို့တနေရာတွင်သစ်တင်ကားပေါ်သစ်တင်သည့်ပုံ (ဓါတ်ပုံ Maro Verli/ Frontier)

## မြန်မာတပ်မတော်၏ သစ်ထုတ်ယူရေးသည် လက်ရှိငြိမ်းချမ်းရေး ဖြစ် စဉ်ကို ခြိမ်းခြောက်နေခြင်း

၂၀၁၂ ခုနှစ်တွင် အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးမှုအပြီးတွင် KNPP ၏ ဆက်ဆံရေးရုံးများကို ကရင်နီပြည်နယ် အတွင်းတွင် စတင်ဖွင့်လှစ်ခဲ့သည်။ သဘောတူညီချက်များအနက် အစိုးရတပ်များက ရွှေ့ပြောင်းသွားလာလိုပါက KNPP ၏ ဆက်ဆံရေးရုံးများသို့ အကြောင်းကြားပေး ရန် ဖြစ်သည်။ အစပိုင်းတွင် ဆက်သွယ်အကြောင်းကြားမှုများ ပြုလုပ်ခဲ့သော်လည်း ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအပြီး NLD အစိုးရတက်လာသည့် အချိန်မှစ၍ ဆက်သွယ် အကြောင်းကြားမှု မရှိသလောက် ဖြစ်လာသည်။


ကယားပြည်နယ် လွိုင်ကော်မြို့ အခြေစိုက် အစိုးရ ထောက်ပို့တပ်မှ ရှေ့တန်းတပ်စခန်းများသို့ ရိက္ခာများကို ကားကြီးများဖြင့် တစ်နှစ်လျှင် (၂) ကြိမ်ခန့်အနည်းဆုံး ပေးပို့ကြပါသည်။ အပြန်လမ်းတွင် သစ်များကို ထင်းများ၊ ဝါးများဖုံးကွယ်၍ သယ်ပြန်လေ့ရှိသည်။ ယခုကဲ့သို သံလွင်အရှေ့ဘက်ခြမ်းမှ သစ်ထုတ်လုပ်ခြင်းနှင့် သယ်ယူမှုများအားလုံးသည် တရားဝင်မဟုတ်ပါ။

အစိုးရတပ်မတော်၏ တရားမဝင် သစ်ထုတ်ယူမှုကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ (၁၉) ရက်နေ့တွင် ဖော်ထုတ်တွေ့ရှိခဲ့ပါသည်။ တာဝန်ကျ KNPP ရဲဘော်များသည် လွိုင်ကော်မြို့သို့ သွားလမ်း (၇) မိုင် စခန်းတွင် တပ်မတော်၏ ရိက္ခာပို့ ကုန်တင်ကားကြီးပေါ်တွင် သစ်များသယ်ဆောင်သည်ကို တွေ့ ရှိ သော်လည်း ငြိမ်းချမ်းရေးကို ရှေ့ရှု၍ ကားများအားလုံးကို ဖြတ်သွားစေခဲ့သည်။

သို့သော် နောက်နေ့ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ၊ (၂၀) ရက်နေ့ နံနက် (၅:၀၀)နာရီ အချိန်တွင် ဒကစတပ်လက်အောက်ခံ ခြေလျှင်တပ်ရင်း (၅၄)၊

ခြေလျှင်တပ်ရင်း (၁၀၂)နှင့် ခြေလျှင်တပ်ရင်း (၇၂)တို့ပါဝင်သည့် (၆၀)ဦးသော အစိုးရတပ်ဖွဲ့သည် KNPP ကင်း ရှိရာ (၇)မိုင်းစခန်းကို လာရောက်ဝိုင်းခဲ့သည်။ KNPP ရဲဘော်(၄)ဦးနှင့် အရပ်သား (၁)ဦးကိုတွေ့ရှိသဖြင့် ဖမ်းဆီးခဲ့သည်။ ထို့နောက် ထိုအဖမ်းခံရသူ (၅)ဦးကို ဓာတ်ပုံရိုက်ရန် ခုံတန်းတွင် ထိုင်စေပြီး စတင်သတ်ဖြတ်ရန် ပစ်ခတ်ခဲ့သည်။ (၅)ဦးအနက် KNPP တပ်သား (၁)ဦးလွတ်မြောက်ခဲ့သည်။

အကြောင်းစုံမသိသေးသော KNPP တာဝန်ရှိသူများသည် အခင်းဖြစ်ပွားရာ (၇)မိုင်စခန်းသို့ နံနက်(၈)ခန့်တွင် သွားရောက်၍ ဖမ်းဆီးခံရသူများနှင့် တွေ့ဆုံစကားပြောနိုင်ရေးတောင်းဆိုသော်လည်း အစိုးရတပ်မှ ခွင့်မပြုခဲ့ပါ။ ထို့နောက် လွိုင်ကော်မြို့ရှိ (ဒကစ)သို့ သွားရောက်၍ အဖမ်းခံရသူများ ပြန်လွှတ်ပေးရေး တောင်းဆိုခဲ့ပြန်သည်။ နောက်ဆုံးတွင် သတ်ဖြတ်ခံရသူများ၏ အလောင်းပုံများနှင့် အလောင်းကို မီးရှို့ဖျက်စီးထားသည့် ရဲဘော် (၃)ဦးနှင့် အရပ်သား (၁)ဦး၏ အရိုးပြာကို ပြန်ပေးခဲ့သည်။ ဒကစ၏ ထွက်ဆိုချက်အရ KNPP ရဲဘော်များသည် အစိုးရတပ်နှင့် ထိပ်တိုက် တိုက်ပွဲဖြစ်ပွားခဲ့ပြီး တိုက်ပွဲတွင် ကျဆုံးကြောင်း ပြောကြားခဲ့သည်။




အထက်ပါ ဖြစ်ရပ်ကြောင့် ငြိမ်းချမ်းရေးကို ထိခိုက်နိုင်ကြောင်း၊ အမှန်တရားနှင့် ဥပဒေအတိုင်း အရေးယူပေးပါရန် ကရင်နီပြည်တောင်သူများသမဂ္ဂ (KSFU)နှင့် ကရင်နီပြည် လူငယ်များသမဂ္ဂ(UKSY)တို့က တောင်းဆိုဆန္ဒပြပွဲ တစ်ခုပြုလုပ်ခဲ့သည်။ ထိုတောင်းဆို ဆန္ဒပြမှုကို ကယားပြည်နယ် အစိုးရက လျစ်လျူရှုသည့်အပြင် ငြိမ်းစုစည်း ပုဒ်မ(၁၉)ဖြင့် တရားမဝင် ဆန္ဒပြသည့် လူငယ် (၅)ဦးကို ရက်(၂၀)ထောင်ချရန် အမိန့်ချခဲ့သည်။ တရားမျှတရေးအတွက် ဆက်လက် ဆန္ဒပြခဲ့ကြရာ လူငယ်(၃)ဦးကို ထပ်မံဖမ်းဆီးပြီး ပုဒ်မ(၁၉)ဖြင့် တရားစွဲဆိုပြန်သည်။ သို့သော် ဖိအားများကြောင့် နောင်ပိုင်းတရားစွဲဆိုမှုများကို ရုတ်သိမ်းခဲ့ကြသည်။

## နိဂုံး

ယခုကဲ့သို့ အစိုးရတပ်မတော်၏ KNPP ရဲဘော်(၃)ဦးနှင့် အရပ်သား(၁)ဦးကို ဥပဒေမဲ့ သတ်ဖြတ်အလောင်းဖျောက်သည့် လုပ်ရပ်ကို ကရင်နီပြည်နယ်ရှိ ပြည်သူများစွာ တုန်လှုပ်ခြောက်ခြားစေခဲ့ပြီး ငြိမ်းချမ်းရေးအပေါ် မျှော်လင့်ချက် လျော့နည်းသွားစေပါသည်။ အထူးသဖြင့် မိမိတို့ နေရပ်ကို ပြန်လိုသည့် ဒုက္ခသည်များအတွက် ပိုမိုစိုးရိမ် ပူပန်မှု ဖြစ်ပေါ်စေခဲ့ပါသည်။

လက်ရှိငြိမ်းချမ်းရေးနှင့် ယုံကြည်မှု အမှန်တကယ် ဖော်ဆောင်နိုင်ရန်အတွက် ယခုလူသတ်အလောင်းဖျောက်သည့်ကိစ္စကို ချက်ချင်းအမှန်တရား ဖေါ်ဆောင်ပေးရန် အလွန်အရေးကြီးလှပါသည်။ တာဝန်ရှိ ကျူးလွန်သူများကို အပစ်ပေး အရေးယူပေးနိုင်ရန် အလွန် အရေးကြီးလှပါသည်။ သို့သော် ယနေ့ အချိန်အထိ အမှန်တရားအတွက် တောင်းဆိုကြသည့် KNPP၊ ဒေသခံနိုင်ငံရေးပါတီများနှင့် လူမှုအသင်းအဖွဲ့များ၏ တောင်းဆိုချက်ကို တာဝန်ရှိသူများ လျစ်လျူရှုနေကြဆဲဖြစ်သည်။

မိမိတို့ KCSN အနေဖြင့် ယခုဖြစ်ရပ်ဆိုးသည် ဗမာ့တပ်မတော်၏ သံယံဇာတများကို ၎င်းတို့အကျိုးအတွက် ထုတ်ယူလိုသည့် လောဘ ကြောင့် ဖြစ်သည်ဟု သုံးသပ်ပါသည်။ သို့ဖြစ်၍ ဌာနေတိုင်း ရင်းသားများလက်ဝယ်တွင် သံယံဇာတကို ထိန်းသိမ်းခြင်း၊ ထုတ်ယူခြင်း၊ စီမံခန့်ခွဲခြင်း အခွင့်အရေးနှင့် အခွင့်အာဏာများ မရှိပါက ပဋိပက္ခများ အဆက်မပြတ်ဖြစ်ပွားနေဦးမည်ဖြစ်ပြီး တိုက်ပွဲများလည်း အချိန်မရွေး ပြန်ဖြစ်ပွားနိုင်ပါသည်။ ထို့ကြောင့် KCSN အနေဖြင့် အောက်ပါတို့ကို အလေးအနက်တောင်းဆိုလိုက်ပါသည်။

၁) ကရင်နီလူထု (ကယားပြည်နယ်ဌာနေတိုင်းရင်းသားများ)သည် ကယားပြည်နယ်အတွင်းရှိ သံယံဇာတများကို ထိန်းသိမ်းခွင့်၊ ထုတ်ယူသုံးစွဲခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့် အခွင့်အရေးကို ရရှိရမည်။

၂) KNPP ရဲဘော် (၃)ဦးနှင့် အရပ်သား (၁)ဦး အသတ်ခံရသည့် ကိစ္စရပ်အတွက် တရားမျှတမှု ရရှိရမည်။ ယခုရာဇဝတ်မှု ကျူးလွန်သူများကို လွတ်လပ်၍ တရားမျှတသော တရားစီရင်မှု ရရှိရမည်။

၃) ပြည်တွင်းစစ်ရပ်စဲရေးအတွက် စစ်မှန်သော အနာဂတ်ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်နိုင်သည်အထိ တပ်မတော်အပါအဝင် တိုင်းရင်းသားဒေသ အတွင်းရှိ သံယံဇာတထုတ်ယူခြင်းကို ခေတ္တရပ် ဆိုင်းထားရမည်။

၄) တန်းတူရေးကို ဖော်ဆောင်ပေးနိုင်သည့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံပေါ်ပေါက်ရေးအတွက် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးကို အစိုးရနှင့် တပ်မတော်တို့သည် တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်းများ၊ တိုင်းရင်းသားပါတီများနှင့် လက်တွဲဖော်ဆောင်ရမည်။

**ဆက်သွယ်ရန် - ခူကိုရယ်၊ ဖုန်း-(+95) 097 8915 9458 Email - kcsn2010@gmail.com**